## (၁.၁) ဓာတ်မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း

**လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန**

စိုက်ပျိုးရေးဦးစီးဌာန

**(၁) ဓာတ်မြေဩဇာလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**

စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် မြေဩဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေးများ တင်သွင်း/ ထုတ်လုပ်ရန်အတွက် မှတ်ပုံတင်ခြင်း၊ သိုလှောင်လိုင်စင်လျှောက်ထားခြင်းနှင့် သွင်းကုန်လိုင်စင် ထောက်ခံချက်လျှောက်ထားခြင်းများကို Myanmar Agricultural Inputs Registration System (MAIRS) (website: www.mairs.doa.gov.mm )တွင် online ဖြင့် လျှောက်ထားနိုင်ပါသည်။ မြေဩဇာဆိုင်ရာလုပ်ငန်းများ မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို Landuse web portal (www.landusedivision.gov.mm ) တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

ဦးစွာမြေဩဇာမှတ်ပုံတင် လျှောက်ထားမည့်သူသည် www.mairs.doa.gov.mm တွင် Account Create ပြုလုပ်ရမည်ဖြစ်ပြီး၊ လုပ်ငန်းစဉ်များကို ဆက်လက်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

မြေဩဇာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဩဇာလုပ်ငန်းများ စနစ်တကျရှိစေရန်

**လိုအပ်သည့်စာရွက်စာတမ်း**

မြေဩဇာဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ
၁။ မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်လွှာ (Form 1)
၂။ လျှောက်ထားသူ၏ နိုင်ငံသားမှတ်ပုံတင်ကဒ်
၃။ လျှောက်ထားသူ၏ (၁.၃ x ၁.၁ လက်မ) အရွယ် ကာလာဓာတ်ပုံ
၄။ ကုမ္ပဏီမှတ်ပုံတင်နှင့် ဒါရိုက်တာအဖွဲ့ဝင်စာရင်း (သို့မဟုတ်) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း/ စက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်
၅။ မြေဩဇာထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ဓာတ်ပုံမှတ်တမ်း
၆။ ပြည်တွင်းကုမ္ပဏီ၏ အရည်အသွေးအာမခံချက်
၇။ ထုတ်ပိုးမှုပုံစံ (အိတ်ပုံစံ) နှင့် မြေဩဇာနမူနာပုံစံ
၈။ တံဆိပ်မှတ်ပုံတင်လက်မှတ်

၉။ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်

**လုပ်ငန်းစဉ်အဆင့်**

Myanmar Agricultural Inputs Registration System (MAIRS),mairs.doa.gov.mm တွင် online စနစ်ဖြင့် လျှောက်ထားရမည်။

၁။ လိုအပ်သောအထောက်အထားများ စိစစ်ပြီးပါက မြေဩဇာနမူနာအား ဓာတ်ခွဲခန်းသို့ပေးပို့၍ ကျသင့်သောဓာတ်ခွဲစစ်ဆေးခနှုန်းထားများကို စိုက်ပျိုးရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် MD-013167 သို့ ပေးသွင်းရမည်။

၂။ ရွက်ဖျန်းမြေဩဇာနှင့် ဇီဝမြေဩဇာများအတွက် သီးနှံတစ်ရာသီစမ်းသပ်ကွက် (Field Trial Test) ဆောင်ရွက်ရမည်။

၃။ ဒု-တိုင်းဒေသကြီး/ပြည်နယ်ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက ထုတ်လုပ်ပုံနည်းစနစ်များကို စစ်ဆေးသည်။

၄။ မြေဩဇာဆိုင်ရာနည်းပညာအဖွဲ့သည် ဓာတ်ခွဲခန်းစစ်ဆေးမှုရလာဒ်များနှင့် ထုတ်လုပ်မှုနည်းစဉ်များကိုစိစစ်ပြီး မြေဩဇာကော်မတီသို့ ထောက်ခံတင်ပြပါသည်။

၅။ မြေဩဇာကော်မတီမှ မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်များကို စိစစ်၍ ထုတ်ပေးပါသည်။

၆။ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနတွင် မြေဩဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်လျှောက်ထားရမည်။

**ကုန်ကျစရိတ်**

**-** ထုတ်လုပ်မှတ်ပုံတင်ကြေး **-** ၆၀၀၀၀ ကျပ် **(**၃ နှစ်သက်တမ်း**)**

## ကြာမြင့်ချိန်

**-** Solid fertilizer (Local producer) အတွက် ၃၆ ရက်

- Foliar Fertilizer (Local producer) အတွက် ၃၆ ရက် **+** သီးနှံတစ်ရာသီ

- မြေဩဇာဆိုင်ရာနည်းပညာအဖွဲ့ အစည်းအဝေးနှင့် မြေဩဇာကော်မတီ အစည်းအဝေးများအား **(**၃**)**လ တစ်ကြိမ် ကျင်းပလျှက်ရှိပါသည်။

- မြေဩဇာအလိုက်လိုအပ်သော အချက်အလက်များ စစ်ဆေးခြင်း၊ ခါတ်ခွဲစစ်ဆေးခြင်းနှင့် စမ်းသပ်ကွက်များဆောင်ရွက်ပြီးပါက အနီးစပ်ဆုံးမြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့နှင့် မြေဩဇာကော်မတီသို့ တင်ပြပေးမည်ဖြစ်ပါသည်။

**လျှောက်ထားရမည့်နေရာ**

Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm

**Onlineစနစ်ဖြင့်ဆောင်ရွက် နိုင်ခြင်း**

Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm

**လက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်**

အတွင်းရေးမှူး၊ မြေဩဇာကော်မတီ

**ဥပဒေ/ နည်းဥပဒေအမည်နှင့် အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်**

မြေဩဇာဥပဒေနှင့် မြေဩဇာဥပဒေ ပြင်ဆင်သည့်ဥပဒေ။
**ဥပဒေပုဒ်မ (၇)**